mgyoe.com

# သဒ္ဒဗျူဟာကျမ်း

## တောင်တွင်းဆရာတော်ခင်ကြီးဖျော်

mgyoe.com

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

သဒ္ဒဗျူဟာကျမ်း။ တောင်တွင်းဆရာတော် ခင်ကြီးဖျော်
စာမျက်နှာ ၁၀၂++ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ခင်မာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ အောက်တိုဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၆၇ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်ထုတ်မူ

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

တောင်တွင်းဆရာတော် ခင်ကြီးဖျော်

ပြုစုစီရင်တော်မူအပ်သော

# သဒ္ဒဗျူဟာကျမ်း

**နှင့်**

**နယမုခဒီပနီခေါ်**

နည်းလေးဆယ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


- နိဒါန်း က
* ပဏာမ ၁
* သန္ဓိပိုင်း
၁။ အက္ခရာအကြောင်း ၃
၂။ အက္ခရာ လေးဆယ့်တစ်လုံး ၄
၃။ အက္ခရာလေးဆယ့်သုံးလုံး ၄
၄။ မြန်မာဘာသာ အက္ခရာလေးဆယ့်ခြောက်လုံး ၅
၅။ သသ်ကရိုင်ဘာသာ အက္ခရာငါးဆယ့်တစ်လုံး ၅
၆။ အက္ခရာဖြစ်ရာ ဌာန်အပြား ၇
၇။ ဌာန်ငါးပါးနှင့် အက္ခရာ ၇
၈။ ဌာန်ခြောက်ပါးနှင့် အက္ခရာ ၈
၉။ ဌာန်ခုနစ်ပါးနှင့် အက္ခရာ ၉
၁၀။ ဌာန်ရှစ်ပါးနှင့် အက္ခရာ ၉
၁၁။ ကရိုဏ်း လေးပါးနှင့် အက္ခရာ ၉


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၂။ | ပယတနလေးပါးနှင့် အက္ခရာ | ၁၀ |
| ၁၃။ | သရအကြောင်း | ၁၁ |
| ၁၄။ | သရရှစ်လုံး | ၁၂ |
| ၁၅။ | သရဆယ်လုံး | ၁၂ |
| ၁၆။ | သရတစ်ဆယ့်တစ်လုံး | ၁၃ |
| ၁၇။ | သရတစ်ဆယ့်လေးလုံး | ၁၃ |
| ၁၈။ | ရဿသရအကြောင်း | ၁၄ |
| ၁၉။ | ဒီဃသရအကြောင်း | ၁၅ |
| ၂၀။ | ဗျည်းသုံးဆယ့်သုံးလုံးအကြောင်း | ၁၆ |
| ၂၁။ | ဗျည်းတို့၏ မတြာကာလအကြောင်း | ၁၆ |
| ၂၂။ | ဝဂ်အက္ခရာ ၂၅ လုံး | ၁၇ |
| ၂၃။ | နိဂ္ဂဟိတ်အကြောင်း | ၁၉ |
| ၂၄။ | ဝိသဇ္ဇနီနှင့် ပဋိသေဓနိယ | ၁၉ |
| ၂၅။ | ဇိဝှါမူလိယနှင့် ဥပသမာနိယ | ၂၀ |
| ၂၆။ | ဃောသ အဃောသ အက္ခရာ | ၂၀ |
| ၂၇။ | ဗျဉ္ဇနဗုဒ္ဓိဆယ်ပါးအကြောင်း | ၂၁ |
| ၂၈။ | အဝဏ်၊ ဣဝဏ်၊ ဥဝဏ်၊ သဝဏ်၊ အသဝဏ်၊ သရူပ၊ အသရူပတို့အကြောင်း | ၂၅ |
| ၂၉။ | နောဟေတံပုဒ်ရုပ်ပြီးပုံ | ၂၆ |
| ၃၀။ | မေခလာပုဒ်ရုပ်ပြီးပုံ | ၂၆ |
| ၃၁။ | ဝဲပေါင်းဝိဇ္ဇာ လက်ာပုဒ်ရုပ်ပြီးပုံ | ၂၇ |
| ၃၂။ | သဒ္ဒိဓပုဒ် ရုပ်ပြီးပုံ | ၂၇ |
| ၃၃။ | ကရဝိတို့လက်ာပုဒ် ရုပ်ပြီးပုံ | ၂၇ |


mgyoe.com

mgyoe.com


၃၄။ ဗန္ဓုသေဝပုဒ် ရုပ်ပြီးပုံ ၂၈
၃၅။ ကဝေမြောက်ပြီး လက်ာပုဒ် ရုပ်ပြီးပုံ ၂၈
၃၆။ စာတုဒ္ဒသီပုဒ်ရုပ်ပြီးပုံ ၂၉
၃၇။ သမုဒ္ဒယ လက်ာပုဒ် ရုပ်ပြီးပုံ ၂၉


* နာမ်ပိုင်း


၁။ လိင်အကြောင်း ၃၁
၂။ လိင်၏ အပြားသုံးပါး ၃၁
၃။ လိင်သုံးပါး၌ သက်အပ်သော ဝိဘတ်အပြား ၃၂
၄။ မြန်မာဝိဘတ်အပြား ခုနစ်ပါး ၃၃
၅။ သသ်ကရိုဋ္ဌ ဝိဘတ်နှစ်ဆယ့်တစ်လုံး ၃၄
၆။ ဝိဘတ်သက်ရသော အနက်အပြား ၃၅
၇။ ဧကဝုစ်ဝိဘတ်ဖြင့် ရုပ်စီရင်ပုံ ၃၆
၈။ ဗဟုဝုစ်ဝိဘတ်ဖြင့် ရုပ်စီရင်ပုံ ၃၆
၉။ ဧကဝုစ်ဗဟုဝုစ်သက်ရာဌာန ၃၆
၁၀။ ဧကဝုစ်ဗဟုဝုစ် အနက်မှတ်ချက် ၃၆
၁၁။ ဇာတ်နှင့် ဒြပ်ကိုငဲ့ခြင်း ၃၇
၁၂။ အာလုပ်အနက်ကိုပြခြင်း ၃၇
၁၃။ အာလုပ် သိဝိဘတ် ရုပ်စီရင်ပုံ ၃၈
၁၄။ အာလုပ်ယောဝိဘတ် ရုပ်စီရင်ပုံ ၃၈
၁၅။ ဝိဘတ် ခုနစ်သွယ် အသီးသီးဟောသော အနက် ၃၉
၁၆။ ဝိဘတ် ခုနစ်သွယ် ဟောနက် သာဓက ၃၉


mgyoe.com

mgyoe.com


၁၇။ ဒုတိယာဝိဘတ်သက်ရာ အနက်နှင့်ရုပ်တွက်ပုံ ၄၀
၁၈။ တတိယာဝိဘတ် သက်ရာအနက်နှင့် ရုပ်တွက်ပုံ ၄၀
၁၉။ စတုတ္ထီဝိဘတ် သက်ရာအနက်နှင့် ရုပ်တွက်ပုံ ၄၁
၂၀။ ပဉ္စမီဝိဘတ် သက်ရာအနက်နှင့် ရုပ်တွက်ပုံ ၄၂
၂၁။ ဆဋ္ဌီဝိဘတ်သက်ရာအနက် ၄၂
၂၂။ သတ္တမီဝိဘတ်သက်ရာအနက်နှင့် ရုပ်တွက်ပုံ ၄၂
၂၃။ ဝိဘတ် ခုနစ်သွယ်ရုပ်စဉ်။ ၄၃
၂၄။ ပဉ္စမာ သိ ယော ၏ ရုပ်ထူး ၄၄
၂၅။ ဝိဘတ်တစ်ခုဆုံးလျှင် ပုဒ်တစ်ခု ၄၄
၂၆။ အက္ခရာအပေါင်းကားပုဒ် ၄၅
၂၇။ တစ်နည်း ရုပ်စီရင်ပြီးမှ ပုဒ် ၄၅
၂၈။ ပုဒ်အပေါင်းကား ဝါကျ၊ ဝါကျအပေါင်းကား ကျမ်းဂန် ၄၅
၂၉-၃၀။ပုဒ်လေးပါးနှင့် သာဓက ၄၆
၃၁။ ပုဒ်လေးမျိုး မြန်မာဝေါဟာရ ၄၇
၃၂။ မုချသဒ္ဒါ၊ ဥပစာသဒ္ဒါ ၄၇
၃၃။ မုချဥပစာ၏ ဥဒါဟရဏ် ၄၈
၃၄။ မုချသဒ္ဒါ၏ ငါးပါးပြားခြင်းနှင့် ဒဗ္ဗသဒ္ဒါ၏ ဥဒါဟရဏ် ၄၉
၃၅။ ဂုဏသဒ္ဒါ၏ ဥဒါဟရဏ် ၄၉
၃၆။ ကြိယာသဒ္ဒါ၏ ဥဒါဟရဏ် ၅၀
၃၇။ နာမသဒ္ဒါ၏ ဥဒါဟရဏ် ၅၀


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၃၈။ | ဇာတိသဒ္ဒါ၏ ဥဒါဟရဏ် | ၅၀ |
| ၃၉။ | မြန်မာဝေါဟာရဖြင့် ဒဗ္ဗသဒ္ဒါကိုပြခြင်း | ၅၁ |
| ၄၀။ | မြန်မာဝေါဟာရဖြင့် ဂုဏသဒ္ဒါကိုပြခြင်း | ၅၁ |
| ၄၁။ | မြန်မာဝေါဟာရဖြင့် ကြိယာသဒ္ဒါကိုပြခြင်း | ၅၁ |
| ၄၂။ | မြန်မာဝေါဟာရဖြင့် နာမသဒ္ဒါကိုပြခြင်း | ၅၂ |
| ၄၃။ | မြန်မာဝေါဟာရဖြင့် ဇာတိသဒ္ဒါကိုပြခြင်း | ၅၂ |
| ၄၄။ | ဥပစာဆယ်ပါး | ၅၂ |
| ၄၅။ | ကာရဏူပစာ၏ ဥဒါဟရဏ် | ၅၃ |
| ၄၆။ | ဖလူပစာ၏ ဥဒါဟရဏ် | ၅၄ |
| ၄၇။ | သဒိသူပစာ၏ ဥဒါဟရဏ် | ၅၄ |
| ၄၈။ | ဌာနူပစာ၏ ဥဒါဟရဏ် | ၅၅ |
| ၄၉။ | ဌာနျူပစာ၏ ဥဒါဟရဏ် | ၅၅ |
| ၅၀။ | ဂုဏူပစာ၏ ဥဒါဟရဏ် | ၅၅ |
| ၅၁။ | ကေဒေသူပစာ၏ ဥဒါဟရဏ် | ၅၆ |
| ၅၂။ | သမီပူပစာ၏ ဥဒါဟရဏ် | ၅၆ |
| ၅၃။ | တဒ္ဓမ္မူပစာ၏ ဥဒါဟရဏ် | ၅၇ |
| ၅၄။ | ဘေဒူပစာ၏ ဥဒါဟရဏ် | ၅၇ |
| ၅၅။ | မြန်မာဝေါဟာရ ကာရဏူပစာ | ၅၇ |
| ၅၆။ | မြန်မာဝေါဟာရ ဖလူပစာ | ၅၈ |
| ၅၇။ | မြန်မာဝေါဟာရ သဒိသူပစာ | ၅၈ |
| ၅၈။ | မြန်မာဝေါဟာရ ဌာနူပစာ | ၅၉ |
| ၅၉။ | မြန်မာဝေါဟာရ ဌာနျူပစာ | ၅၉ |
| ၆၀။ | မြန်မာဝေါဟာရ ဂုဏူပစာ | ၅၉ |


mgyoe.com

mgyoe.com

၆၁။ မြန်မာဝေါဟာရ ကေဒေသူပစာ ၆၀
၆၂။ မြန်မာဝေါဟာရ သမီပူပစာ ၆၁
၆၃။ မြန်မာဝေါဟာရ တဒ္ဓမ္မူပစာ ၆၁
၆၄။ မြန်မာဝေါဟာရ ဘေဒူပစာ ၆၂

*** ကာရကပိုင်း**

၁။ ကတ္တုကာရက ၆၃
၂။ ဝုတ္တကတ္တား ၆၄
၃။ အဝုတ္တကတ္တား ၆၄
၄။ တစ်နည်း ဝုတ္တကတ္တား အဝုတ္တကတ္တား ၆၄
၅။ မြန်မာဝေါဟာရ၌ ဝုတ္တ အဝုတ္တကတ္တား ၆၅
၆။ ကတ္တားမည်ကြောင်းဝိဂြိုဟ် ၆၅
၇။ ကမ္မကာရက ၆၆
၈။ မြန်မာဝေါဟာရ၌ ကံမည်ကြောင်း ၆၆
၉။ ဝုတ္တကံ အဝုတ္တကံ ၆၆
၁၀။ ဝုတ္တ အဝုတ္တလက္ခဏာ ၆၇
၁၁။ တစ်နည်းဝုတ္တကံ အဝုတ္တကံ ၆၇
၁၂။ မြန်မာဝေါဟာရ၌ ဝုတ္တ အဝုတ္တကံ ၆၈
၁၃။ ကံမည်ကြောင်းဝိဂြိုဟ် ၆၈
၁၄။ ကရဏကာရက ၆၈
၁၅။ မြန်မာဝေါဟာရ ကရဏကာရက ၆၉
၁၆။ ကရိဏ်းအပြား ၆၉
၁၇။ မြန်မာဝေါဟာရကရိဏ်း ၇၀

mgyoe.com

mgyoe.com


၁၈။ ကရိုဏ်းမည်ကြောင်းဝိဂြိုဟ် ၇၀

၁၉။ သမ္ပဒါနကာရက ၇၀

၂၀။ မြန်မာဝေါဟာရ သမ္ပဒါန် ၇၁

၂၁။ ဝတ္တုပဋိဂ္ဂါဟကသမ္ပဒါန် ၇၁

၂၂။ ကြိယာပဋိဂ္ဂါဟကသမ္ပဒါန် ၇၁

၂၃။ သမ္ပဒါန်မည်ကြောင်းဝိဂြိုလ် ၇၂

၂၄။ အပါဒါနကာရက ၇၂

၂၅။ မြန်မာဝေါဟာရ အပါဒါန် ၇၂

၂၆။ စလာစလ အပါဒါန် ၇၃

၂၇။ အပါဒါန်မည်ကြောင်း ဝိဂြိုဟ် ၇၃

၂၈။ သြကာသကာရက ၇၄

၂၉။ မြန်မာဝေါဟာရ သြကာသ ၇၄

၃၀။ အာဓာရအပြား ၇၄


*** နယမုခဒီပနီ-နည်းလေးဆယ်**


၁။ ပစ္စာသန္နစသော နည်းငါးပါး ၇၇

၂။ ယေဘုယျစသောနည်းငါးပါး ၇၉

၃။ မိဂပဒဝဠဥ္စနစသော နည်းငါးပါး ၈၁

၄။ ဧက သေသ စသော နည်းငါးပါး ၈၃

၅။ အမ္ဗသေစနစသော နည်းငါးပါး ၈၅

၆။ အာဝဋ္ဋစသောနည်းငါးပါး ၈၇

၇။ ဒီပက စသောနည်းငါးပါး ၈၈

၈။ ဒ္ဓန္ဓြေဒနစသော နည်းငါးပါး ၉၁


mgyoe.com

mgyoe.com

၉။ ရက္ခာရင္မစသောနည်းငါးပါး ၉၃
၁၀။ နိတတ္ထစသော နည်းငါးပါး ၉၅
၁၁။ ဥက္ကဋ္ဌစသော နည်းငါးပါး ၉၇

■

mgyoe.com

mgyoe.com

# နိဒါန်း

**သဒ္ဒဗျူဟာ**

သဒ္ဒဗျူဟာ ဟူသော ကျမ်း၏ အမည်တွင် ဗျူဟာသဒ္ဒါသည် စစ်ရေးလေ့ကျင့်ခြင်းဟူသော အနက်ကို ဟောသည်ဖြစ်၍ စစ်မတိုက်မီ စစ်တိုက်ရာ၌ အလွန်အရေးပါအရာရောက်သော စစ်ရေးလေ့ကျင့်မှုကို ဦးစွာပထမ ပြုထားရသကဲ့သို့ သဒ္ဒါကို သင်လိုသော သူတို့သည် သဒ္ဒါကျမ်းကြီးများကို မသင်ကြားမီ သဒ္ဒါအရာ၌ အလွန်အရေးပါသော၊ အလွန်အသုံးဝင်သော၊ အလွန်သိသင့်သိထိုက်သော သဒ္ဒါရေးရာ အချက်အလက်တို့ကို ဦးစွာပထမ သင်ကြားလေ့ကျင့်ထားရန် လိုအပ်သောကြောင့် စစ်ဗျူဟာနှင့် အလားတူသော ဤသဒ္ဒဗျူဟာကျမ်းကို စာသင်သား သောတုဇဉ်တို့အတွက် တောင်တွင်းဆရာတော်ခင်ကြီးဖျော် ရေးသားပြုစုခဲ့ခြင်း ဖြစ်ပေသည်။

သဒ္ဒါဝါကျ စီကုံးရာ၌ နာမ်ပုဒ်၊ ကြိယာပုဒ် ဤပုဒ်နှစ်ပုဒ်သည် မပါလျှင်မပြီးသော အခြေခံအထည်ကိုယ်များ ဖြစ်သည်။ ထိုနှစ်ပုဒ်တွင်လည်း ကြိယာပုဒ်သည် ဝါကျတစ်ခု၌ တစ်ပုဒ်မျှသာပါဝင်၍ နာမ်ပုဒ်မူကား များစွာပါဝင်ရလေသည်။ သို့ဖြစ်၍ ကြိယာပုဒ်ထက် နာမ်ပုဒ်ကို ဦးစားပေးကာ သဒ္ဒဗျူဟာကျမ်း ရေးသားထားသည်ကို တွေ့ရပေသည်။

mgyoe.com

mgyoe.com



သုံးပိုင်းသုံးကဏ္ဍ

ဤသဒ္ဒဗျူဟာကျမ်းတွင် သန္ဓိပိုင်း၊ နာမ်ပိုင်း၊ ကာရကပိုင်း ဟူ၍ သုံးပိုင်းသုံးကဏ္ဍရှိသည်။ ပုဒ်တို့မည်သည် အက္ခရာတို့နှင့် မကင်း အက္ခရာတို့ကို စုပေါင်းမှ ပုဒ်ဖြစ်သည်။ သို့ဖြစ်၍ သန္ဓိပိုင်းဖြင့် အက္ခရာတို့၏ အကြောင်းအရာကို ပြဆိုတော်မူသည်။

အက္ခရာစုပေါင်း၍ ပုဒ်ဖြစ်လာလျှင်လည်း "သည်၊ ကို၊ အား၊ ၏" စသော ဝိဘတ်တို့နှင့် ကင်းကွာ၍ မရကောင်းပေ။ ဝါကျအလိုက်၊ ကြိယာအလိုက် သက်ဆိုင်ရာ ဝိဘတ်တို့နှင့် ပုဒ်တို့ ယှဉ်တွဲနေရသည်။ သို့ဖြစ်၍ နာမ်ပိုင်းဖြင့် ပုဒ်နှင့် ဝိဘတ်တို့ ယှဉ်တွဲနေပုံကို ပြဆိုတော်မူသည်။

ဝိဘတ်ဟူသည် ဝေဖန်ပိုင်းခြားခြင်း အနက်ဟောဝိဘတ္တိ ဟူသော ပါဠိပုဒ်မှ ဝိဘတ်ဟု မြန်မာဝေါဟာရ ဖြစ်လာသည်။ "ဤကား ကတ္တားအနက်၊ ဤကား ကံအနက်၊ ဤကား ကရိဏ်း အနက်၊ ဤကား ဧကဝုစ်၊ ဤကား ဗဟုဝုစ်" စသောအားဖြင့် ဝိဘတ်က ပိုင်းခြားဝေဖန် ညွှန်ပြရသည်။ သို့ဖြစ်၍ ကာရကပိုင်းဖြင့် မည်သည့်ဝိဘတ်သည် မည်သည့်အနက်ကို ဟောသည်ဟု ဝိဘတ်တို့ ၏ အနက်ဟောပုံကို ပြဆိုတော်မူသည်။

ဉပစာ

သဒ္ဒါပုဒ်များသည် အနက်ကို ဟောရသည်၊ အနက်ကို ညွှန် ပြရသည်၊ ဆိုလိုသည့် အဓိပ္ပာယ်ကို သိစေရသည်။ ယင်းသို့ ဟော ညွှန်သိစေရာ၌ တိုက်ရိုက်ဟောညွှန် သိစေသောပုဒ်များကို မုချသဒ္ဒါ ဟု ဆိုသည်။ သွယ်ဝိုက်သောအားဖြင့် တင်စားဟောညွှန် သိစေသော ပုဒ်များကို ဉပစာသဒ္ဒါဟု ဆိုသည်။

mgyoe.com

mgyoe.com



မုချသဒ္ဒါဖြင့် အနက်အဓိပ္ပာယ် သိလွယ်သော်လည်း ဥပစာသဒ္ဒါဖြင့်မူကား အနက်အဓိပ္ပာယ် အသိခက်သည်။ အနက်အဓိပ္ပာယ် အသိခက်သော ဥပစာသဒ္ဒါ ဆယ်ပါးကိုလည်း စာသင်သားတို့ အတော်အတန် ခေါက်မိစေရန် ရည်ရွယ်၍ ဤသဒ္ဒဗျူဟာကျမ်းတွင် ဥပစာဆယ်ပါးကို ထည့်သွင်းဖော်ပြခြင်း ဖြစ်သည်။

နည်းလေးဆယ်

ဥပစာဆယ်ပါးနှင့် အလားတူသည့် နည်းပရိယာယ်များလည်း ရှိသေးသည်။ "ယေဘုယျသဘောပါ၊ ပဓာနသဘောပါ" စသည်ဖြင့် စကားပြောဆိုရာ၌ ထည့်သွင်း ပြောဆိုလေ့ရှိ၏။ အဆိုပါ ယေဘုယျ၊ ပဓာန ဟူသော စကားလုံးတို့မှာ နည်းလေးဆယ်မှ ယူငင်သုံးစွဲသော စကားလုံးများ ဖြစ်သည်။ ယင်း နည်းလေးဆယ်ကိုလည်း တောင်တွင်းဆရာတော် ဘုရားကြီးပင် ရေးသားစီရင်တော်မူခဲ့၏။

နည်းပေါင်း ငါးဆယ်ကျော်ခန့် ရှိသော်လည်း တူရာကိုပေါင်းလိုက်လျှင် လေးဆယ်ခန့်သာ ရှိသဖြင့် နည်းလေးဆယ်ဟု ခေါ်ဝေါ်ခြင်းဖြစ်၏။ နည်းလေးဆယ်ဟု ခေါ်ဆိုအပ်သော နယမုခဒီပနီကျမ်းကိုလည်း နောက်ဆက်တွဲအနေဖြင့် ပူးတွဲ ရိုက်နှိပ်ထားပါသည်။ အဆိုပါ နည်း၊ ဥပစာတို့ကို သိရှိနားလည်ထားပါလျှင် သဒ္ဒါအရာ၊ စာပေအရာတွင် အထက်တန်းကျသူ တစ်ယောက်ဟု ခေါ်ဆိုလောက်ပေသည်။

ကျမ်းပြုဆရာတော်

ဤသဒ္ဒဗျူဟာကျမ်းကို ပြုစုတော်မူသော တောင်တွင်းဆရာတော် ခင်ကြီးဖျော်မှာ တောင်တွင်းကြီးမြို့ မြောက်ဘက် မြို့လုလင်

mgyoe.com

mgyoe.com



မြို့အနီး ပုတီးကုန်းရွာတွင် အဖ ဗိသုကာဆရာကြီး ဦးဖိုးပြေ၊ အမိ ဒေါ်ကြာတို့မှ သက္ကရာဇ် ၁၀၈၆ ခုနှစ် ကဆုန်လပြည့် အင်္ဂါနေ့ နံနက်နေဝန်းပေါ်ချိန်အခါ ဖွားမြင်တော်မူ၍ ငယ်မည် မောင်ဖျော်ဟု ခေါ်တွင်လေသည်။

မောင်ဖျော် ၇ နှစ်အရွယ်ရှိသောအခါ မြို့လုလင်မြို့ ကန်ဦးကျောင်း ဘုန်းတော်ကြီးထံတွင် စာပေသင်ကြားရာ သင်ပုန်းကြီးကို နေ့ချင်းကုန်၍ ၃ လအတွင်း ပရိတ်ကြီးကို အပြီးတိုင်မြောက်ပေါက်ရောက်လေသည်။ ထို့ပြင် ကျောင်းသားသူငယ် အဖြစ်နှင့်ပင် ဇာတ်ကြီး ၁၀ ဘွဲ့ ပါဠိအနက်ကို နှုတ်တက်ဆောင်နိုင်၏။ ၁၀ နှစ်သားအရွယ်တွင် သာမဏေဘောင်သို့ ဝင်သောအခါ "မောင်ရှင်ဉာဏ" ဟူသော ဘွဲ့ကို ရရှိသည်။

သာမဏေဘဝကပင် ခဲရာခဲဆစ်တို့ကို ရုတ်တရက် ချက်ချင်းဖြေစွမ်းနိုင်သောကြောင့် အမည်သတင်းကျော်စောခြင်း ရှိလာသည်။ အသက် ၂၀ သို့ ရောက်သောအခါ ရဟန်းအဖြစ်သို့ရောက်၍ တောင်တွင်းကြီးမြို့နေ ဆရာတော်များထံတွင် ပညာဆက်လက်သင်ကြားပြန်ရာ ပညာသိပ္ပ အ၀၀ကို ခဏလွယ်ကူ တတ်မြောက်တော်မူသဖြင့် တိုးတက်ကျော်စောလာရာ ရဟန်းဘွဲ့တော်ဖြင့် မကျော်စောဘဲ ငယ်မည် ခင်ကြီးဖျော် ဟူ၍သာ ကျော်စောထင်ရှားလာလေ၏။

မ တစ်လုံးကျေ

ခင်ကြီးဖျော်မှာ ပညာသိပ္ပ အ၀၀ကို အလွန်တတ်မြောက်နေသော်လည်း အားရတင်းတိမ်ခြင်း မရှိသေးသဖြင့် ရဟန်းငါးဝါမြောက်

mgyoe.com

mgyoe.com



တွင် တောင်တွင်းကြီးမြို့မှ ပေါက္ကံမြို့ရှိ ရွှေကျောင်းဆရာတော်ထံသို့ သွားရောက်ချဉ်းကပ်ကာ သဒ္ဒါကျမ်းများကို သင်ကြားပြန်လေသည်။ ထိုအခါ သဒ္ဒါအရာတွင် ယုံမှားကင်းပျောက် တစ်ဖက်ကမ်းသို့ ရောက်တော်မူလေသည်။

နောက်သက္ကရာဇ် ၁၁၁၆ ခုနှစ်တွင် ပေါက္ကံမှသည် အင်းဝ ရွှေပြည်တော်သို့ ရောက်တော်မူလေသည်။ ထိုအခိုက် ဆရာတော်၏ သိတင်းရန့်မှာ တစ်နေ့တခြား သင်းပျံ့ကျော်စောခြင်း ဖြစ်လာလေရကား ရတနာသိင်္ဃ ကုန်းဘောင်ရွှေမြို့တော်မှ မင်းလက်ဝဲ နော်ရထာ စသည့် ပုဂ္ဂိုလ်ကြီးများက ခဲရာခဲဆစ်ဖြစ်သော အမေးပုစ္ဆာ ပြဿနာ အရပ်ရပ်ကို မေးမြန်းလျှောက်ထားကြကုန်၏။ သို့မေးမြန်း လျှောက်ထားသည့်အတိုင်းလည်း မဆိုင်းမတွ တစ်ခဏချင်းပင် ဖြေဆိုတော်မူလေသည်။ မဖြေဆိုနိုင်သည့်အရာဟူ၍ မရှိချေ။ ထိုအခါမှစ၍ မတတ်သောအရာ၊ မသိသောအရာဟူ၍ မရှိသောကြောင့် "မကာရလောပ" မ တစ်လုံးကျေဆရာတော်ဟု ဆိုစမှတ်ပြုကြလေသည်။

**မင်းဆရာဖြစ်**

သက္ကရာဇ် ၁၁၂၂ ခုနှစ်တွင် အလောင်းမင်းတရားကြီး၏ သားတော် အိမ်ရှေ့မင်းသည် မင်းဖြစ်တော်မူ၍ မဟာဓေယျပူရ စစ်ကိုင်းမြို့ကြီးကို ထပ်ဆင့်တစ်ဖန် တည်ထောင်၍ မင်းပြုတော်မူ၏။ ထိုမင်းသည် တောင်တွင်းဆရာတော် ခင်ကြီးဖျော်၏ ဂုဏ်သတင်းကို ကြားသိတော်မူသဖြင့် အလွန်သဒ္ဒါကြည်ညိုခြင်း ဖြစ်ရကား အင်းဝသို့ အကြိမ်ကြိမ် လူလွှတ်ကာ ခင်ကြီးဖျော်ကို ပင့်စေ၏။ ဆရာတော်ကား ရုတ်တရက် ကြွတော်မမူ။ တစ်နှစ်ခန့်အကြာ ၁၁၂၃ ခုနှစ်သို့

mgyoe.com

mgyoe.com



ရောက်သောအခါကျမှ မင်းအလိုကို ပြည့်စေအံ့ဟု ကြံတော်မူ၍ ကြွတော်မူလေသည်။ ထိုအခါ မင်းတရားကြီးသည် ကြီးကျယ်ခမ်းနားစွာကြို့ဆို၍ မဟာဘုံသာ ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းတော်မူသည်။

သက်ဆိုးမရှည်

ဤမျှ ထင်ရှားကျော်စောတော်မူသော် ဆရာတော်သည် သက်ဆိုးများစွာ ရှည်ကြာခြင်း ရှိတော်မမူ။ ထိုမင်းလက်ထက် သက္ကရာဇ် ၁၁၂၄ခုနှစ်၊ သက်တော် ၃၈ နှစ်၊ ဝါတော် ၁၈ ဝါ အရတွင် စစ်ကိုင်းမြို့သို့ ခေတ္တခဏကြွသွားခိုက် လေနာရောဂါ နှိပ်စက်လာသဖြင့် ဘဝနတ်ထံ ပျံလွန်တော်မူလေသည်။ အလောင်းတော်ကိုမူ ဘုရင်မင်းတရားကြီး ကိုယ်တော်တိုင် ထီးဖြူလေးစင်း အုပ်စေတော်မူ၍ ရွှေသံလျှင်းဖြင့် ဆောင်တော်မူပြီးလျှင် မီးထင်းပုံထက် တင်၍ သင်္ဂြိုဟ်တော်မူသည်။ ဆရာတော်ကြီး ရုပ်ကြွင်းကလာပ် အရိုးတော်မြတ်များကို "စစ်ကိုင်းကြီးမြောက်၊ မုဒ္ဒောနောက်၌၊ ရွှေမှောက်ဘုန်းထင်၊ ဆင်များရှင်၏၊ ရှေ့တွင်မဝေး၊ လမ်းထိပ်မှေး၌၊ ညွတ်ရှေးစိတ်ကြည်၊ စေတီတည်တော်မူလေသတည်း"၊ ဆရာတော် ရေးသားပြုစုတော်မူခဲ့သော ကျမ်းများမှာ -

အဘိဓမ္မာဂဏ္ဌိပဗ္ဗ၊ သမ္ဗန္ဓဆက္က ဝဏ္ဏနာကျမ်း၊ သုတ္တမာလာ ဝုတ္တိမာလာကျမ်း၊ ပုဒ်ဆစ်၊ သဒ္ဒါဆစ်၊ သံဝဏ္ဏနာ၊ နည်းလေးဆယ်၊ သဒ္ဒဗျူဟာ၊ ဉာသ်ကောက်၊ နေတ္တိဟာရအကောက်၊ ဝီထိလက်ရိုးကျမ်း၊ ကပ္ပာလင်္ကာရကျမ်း၊ ကပ္ပဝဏ္ဏနာကျမ်း၊ လက်ရိုးဗေဒင်ဋီကာကျမ်း၊ ဓာတ်ကျမ်း၊ ဆန္ဒဝုတ္တိ

mgyoe.com

mgyoe.com



ဆေးကျမ်း၊ အသီတိစာတ်ကျမ်း၊ လက်ဝဲနော်ရထာ လျှောက်ထုံးအဖြေ စသော ကျမ်းများ ဖြစ်လေသည်။

ပုံနှိပ်ခြင်း

တောင်တွင်းဆရာတော် ခင်ကြီးဖျော်သည် ပါဠိဘာသာ သင်ယူကြကုန်သော သောတုဇဉ်တို့အတွက် အခြေခံဖြစ်သော ပုဒ်ဆစ်၊ သဒ္ဒါဆစ်၊ သံဝဏ္ဏနာ၊ နည်းလေးဆယ်၊ နေတ္တိဟာရအကောက်၊ ဉာသ်ကောက်များကို ပြုစီရင်တော်မူခဲ့ရာ ထိုကျမ်းများသည် မြန်မာစာသက်သက် သင်ယူကြကုန်သော သောတုဇဉ်တို့အား ကျေးဇူးမပြုနိုင်သဖြင့် (အသုံးမပြုနိုင်သဖြင့်) မြန်မာစာ သင်ကြားသူတို့ အသုံးပြုနိုင်ရန် မြန်မာစာ အခြေရနိုင်ရန်ရည်၍ ဤသဒ္ဒဗျူဟာကျမ်းကို ရေးသားတော်မူခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ထိုကျမ်းတွင် ပြယုဂ်၊ ဥဒါဟရဏ်၊ ပုံစံထုတ်ပြရာ၌ ပို၍ ကဗျာလင်္ကာတို့ကို ထိုက်သည့်အားလျော်စွာ ထုတ်ပြတော်မူခဲ့သည်။

ထိုကျမ်းတွင် ဥပစာ ၁၀ ပါး ရှိခဲ့သဖြင့် ဥပစာ ၁၀ ပါးနှင့် အလားတူသော နည်းလေးဆယ်ကိုလည်း သုတလိုလား အမျိုးသားတို့ အကျိုးငှာ နောက်ဆက်တွဲအနေဖြင့် ထည့်သွင်းရိုက်နှိပ်ထားပါသည်။ အဆိုပါကျမ်းများကို ဆရာဦးခင်စိုး [ဘာသနဓဇသိရီပဝရ ဓမ္မာစရိယ]နှင့် ဆရာဦးသိန်းဟန် (၁)၊ ဦးတင်နွယ်၊ ဦးဟန်ထွန်း၊ ဦးပု၊ ဦးရွှေဖူး၊ ဦးသိန်းဟန်(၂)၊ ဟံသာဝတီ ပါဠိဆရာများ အဖွဲ့က ကောင်းစွာ တည်းဖြတ်ကြပ်မသုတ်သင် ပြင်ဆင်အပ်သည် ဖြစ်ပါကြောင်း။

**ဟံသာဝတီ**

■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

## ရတနတ္တယပဏာမ

**သဒ္ဓတ္ထဝိသရာပါရ၊ ရတနာကရပါရဂုံ။**
**နမဿိတွာန သမ္ဗုဒ္ဓံ၊ ဝက္ခာမိ သဒ္ဒလက္ခဏံ။**

အဟံ၊ ဉာဏသဒ္ဓမ္မအမည်ရသော ငါသည် သဒ္ဒတ္ထဝိသရာပါရ ရတနာကရပါရဂုံ၊ သဒ္ဒါအနက်အပေါင်းတည်း ဟူသော ကူးခပ်နိုင်ခဲ သည်ဖြစ်၍ ကမ်းမရှိသော မဟာသမုဒ္ဒရာ၏ ထိုမှာဘက်လမ်း တစ်ဖက်ကမ်းသို့ ရောက်တော်မူပြီးသော။ သမ္ဗုဒ္ဓံ၊ သစ္စာလေးအင် သိမြင် ထင်ရှား မြတ်ဘုရားကို။ နမဿိတွာန၊ လက်စုံညွတ်နူး ရှိခိုးဦး၍။ သဒ္ဒလက္ခဏံ၊ သဒ္ဒါခြင်းရာ လက္ခဏာကို။ ဝက္ခာမိ၊ ကောင်းစွာမငြိ ဟောဆိုပေအံ့။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# သန္ဓိပိုင်း

## ၁ – အက္ခရာအကြောင်း

အက္ခရာတို့သည် –

၁။ **ကစ္စည်းဆရာ** အလိုအားဖြင့် လေးဆယ့်တစ်လုံး၊

၂။ **မောဂ္ဂလာန်ဆရာ** အလိုအားဖြင့် လေးဆယ့်သုံးလုံး၊

၃။ **မြန်မာဘာသာ** အလိုအားဖြင့် လေးဆယ့်ခြောက်လုံး၊

၄။ **သသ်ကရိုင်*** အလိုအားဖြင့် ငါးဆယ့်တစ်လုံး အရေအတွက် ရှိသော ဝဏ္ဏတို့သည် –

"အတ္ထဝါစက ဘာဝေန နက္ခရန္တိ နခီယန္တီတိ အက္ခရာ။ ဟူသော ဝစနတ္ထကြောင့် အက္ခရာ မည်ကုန်၏။

ယေ–ဝဏ္ဏာ၊ အကြင် လေးဆယ့်တစ်လုံးသော ဝဏ္ဏတို့သည်။ အတ္ထဝါစက ဘာဝေန၊ အနက်ကို ဟောတတ်သည်၏ အဖြစ်ဖြင့်။ နက္ခရန္တိ နခီယန္တိ– မကုန်နိုင်ကုန်။ ဣတိ–တသ္မာ၊ ထိုသို့မကုန်နိုင်ကုန်သော သတ္တိကြောင့်။ တေ–ဝဏ္ဏာ၊ ထိုလေးဆယ့်တစ်လုံးသော ဝဏ္ဏတို့သည်။ အက္ခရာ– အက္ခရာမည်ကုန်၏။

---

* သက္ကတ

mgyoe.com

mgyoe.com



## ၂ – အက္ခရာ လေးဆယ့်တစ်လုံး

ကစ္စည်း ဆရာအလိုအားဖြင့် အက္ခရာလေးဆယ့်တစ်လုံး ဟူသော်ကား –

"အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ။

က၊ ခ၊ ဂ၊ ဃ၊ င။

စ၊ ဆ၊ ဇ၊ ဈ၊ ဉ။

ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ။

တ၊ ထ၊ ဒ၊ ဓ၊ န။

ပ၊ ဖ၊ ဗ၊ ဘ၊ မ။

ယ၊ ရ၊ လ၊ ဝ၊ သ။

ဟ၊ ဠ၊ အံ" ဤသို့လျှင် လေးဆယ့်တစ်လုံးဖြစ်သတည်း။ ထို့ကြောင့် ကစ္စည်းကျမ်း၌ –

(၂) အက္ခရာပါဒယော ဧကစတ္တာလီသံ။

ဟူ၍ သုတ်တည်အပ်၏။ ။ဧကစတ္တာလီသံ၊ လေးဆယ့်တစ်လုံး ကုန်သော။ အာဒယော၊ အ–လျှင်အပိုင်းအခြား ရှိကုန်သော ဝဏ္ဏာတို့ သည်။ အက္ခရာအပိ၊ အက္ခရာပင်မည်ကုန်၏။

---

## ၃ – အက္ခရာလေးဆယ့်သုံးလုံး

မောဂ္ဂလာန်ဆရာ အလိုအားဖြင့် လေးဆယ့်သုံးလုံးသော အက္ခရာတို့ ဟူသော်ကား ယခင် လေးဆယ့်တစ်လုံးသော အက္ခရာ တို့တွင် "ဧတ်–ဩတ်"သည် နှစ်လုံးကိုထည့်၍ လေးဆယ့်သုံးလုံး ဖြစ်သတည်း။ ထို့ကြောင့် မောဂ္ဂလာန်ကျမ်း၌ –

(၁) အ–အာဒယော တိတာလီသံ ဝဏ္ဏာ။

mgyoe.com

mgyoe.com


ဟူ၍ သုတ်တည်အပ်၏။ ။ တိတာလီသံ၊ လေးဆယ့်သုံးလုံးကုန်သော။ အ–အာဒယော၊ အ–လျှင်အပိုင်းအခြားရှိကုန်သော အက္ခရာတို့သည်။ ဝဏ္ဏာ၊ ဝဏ္ဏမည်ကုန်၏။

---

## ၄ – မြန်မာဘာသာ အက္ခရာလေးဆယ့်ခြောက်လုံး

မြန်မာဘာသာ အလိုအားဖြင့် အက္ခရာလေးဆယ့်ခြောက်လုံးဟူသော်ကား ယခင် လေးဆယ့်တစ်လုံးတို့တွင်–

"အဲ၊ ဪ၊ အို၊ အံ့၊ အား"

သည် ငါးလုံးကိုထည့်၍ လေးဆယ့်ခြောက်လုံး ဖြစ်သတည်း။ ထို့ကြောင့် မြန်မာဘာသာအလိုအားဖြင့် –

"အက္ခရာဒယော ဆစတ္တာလီသံ"

ဟူ၍ သုတ်တည်အပ်၏။ ။ ဆစတ္တာလီသံ၊ လေးဆယ့်ခြောက်လုံးကုန်သော။ အာဒယော၊ အ–လျှင်အပိုင်းအခြားရှိကုန်သော ဝဏ္ဏာတို့သည်။ အက္ခရာ၊ အက္ခရမည်ကုန်၏။

မြန်မာဘာသာ၌ အက္ခရာပွား ငါးလုံးတွင် အံ့မှာ အမြစ်နှင့် ရေးရ၊ ဖတ်ရမည်။

---

## ၅ – သသ်ကရိုင်္န*ဘာသာ အက္ခရာငါးဆယ့်တစ်လုံး

သသ်ကရိုင်္န ဘာသာအားဖြင့် အက္ခရာငါးဆယ့်တစ်လုံးဟူသော်ကား ယခင်လေးဆယ့်တစ်လုံးတို့တွင် ဋ္ဌကြီး အက္ခရာကိုပယ်၍–

ဣ၊ ဣဳ၊ ဥ၊ ဥူ၊ ဧဲ၊ ဪ၊ အား၊ ဂ၊ ဓ၊ ကံ ၊ ကွ"

သည် ဆယ့်တစ်လုံးကို ထည့်၍ ငါးဆယ့်တစ်လုံးဖြစ်သတည်း။

---

* သက္ကတ

mgyoe.com

mgyoe.com

ထိုငါးဆယ့်တစ်လုံးတို့တွင်-

၁။ ဒ္ဒ - မှာ ဋကြီးကို ခေါင်းသေးသေးနှင့် ပြောင်းပြန်ရေးသည်။

၂။ ဒ္ဓ- မှာ ခေါင်းသေးသေးနှင့် ဋကြီးပြောင်းပြန် နှစ်ဆင့် ရေးသည်။

၃။ ဋ္ဌ - မှာ ဋကြီးခေါင်းသေးသေး ရေးသည်။

၄။ ဋ္ဋ - မှာ နှစ်ဆင့်ရေးသည်။

သည် အက္ခရာလေးလုံးမှာ အစဉ်အတိုင်း-

"ရို့ရို၊ လို့လို"ဟူ၍လည်း ဖတ်ရ၏။

"ရိ-ရီ၊ လိလီ"ဟူ၍လည်း ဖတ်ရမည်။

ဂ - မှာ ဂ-ငယ်ကို ဆံခတ်သည်၊ ယု ဟူ၍ဖတ်၊

ဖ - မှာ ပ-စောက်ကို ဆံခတ်သည်၊ လျှာလိပ်သံနှင့် ရှ ဟူ၍ ဖတ်၊

ကဲ - မှာ ကကြီးကို မိုကြိုးသွားတင်သည်၊ က-အတိုင်းတွင် လျှာရင်းသံနှင့် ဖတ်၊

ကွ - မှာ ပစောက်ကို ဆင်ဦးကင်းတင်သည်၊ ပအတိုင်းတွင် နှုတ်ခမ်းသံနှင့် ဖတ်၊

ဤသို့လျှင် သသံကရိုင်ဘာသာအားဖြင့် ငါးဆယ့်တစ်လုံး ဖြစ်သတည်း။

"သိဒ္ဓိးဝဏ္ဏံသမာမ္နာယး။"

ဟူ၍ သုတ်တည်အပ်၏၊ ခြောက်ခုတင်ရာမှာ ရေဖခေါ်သည်။ ရအက္ခရာသံနှင့် ရစားဟူ၍ ဖတ်။ ။ သိဒ္ဓိး၊ မြဲသော။ ဝါ၊ ပြီးပြီသော။ ဝါ၊ ထင်သော။ ဝဏ္ဏံသမာမ္နာယး၊ ဝဏ္ဏငါးဆယ့်တစ်လုံးတို့၏ အစဉ်ကို။ ဝေဒိတဗ္ဗုံး၊ သိအပ်၏။

---

mgyoe.com

mgyoe.com


## ၆ – အက္ခရာဖြစ်ရာ ဌာန်အပြား

ထိုအက္ခရာတို့၏ ဖြစ်ရာအရပ်ဟု ဆိုအပ်သော ဌာန်တို့သည်-

၁။ ဉာဏ်ဆရာ အလိုအားဖြင့် ငါးပါး၊

၂။ မောဂ္ဂလာန်ဆရာ အလိုအားဖြင့် ခြောက်ပါး၊

၃။ သဒ္ဒနီတိဆရာ အလိုအားဖြင့် ခုနစ်ပါး၊

၄။ စူဠနိရုတ္တိ အလိုအားဖြင့် ရှစ်ပါးအပြား ရှိကုန်၏။

ဉာဏ်ဆရာ အလိုအားဖြင့် ဌာန်ငါးပါးဟူသည်ကား-

၁။ ကဏ္ဍဌာန်

၂။ တာလုဌာန်

၃။ မုဒ္ဓဌာန်

၄။ ဒန္တဌာန်

၅။ ဩဋ္ဌဌာန်-

အားဖြင့် ငါးပါးဖြစ်သတည်း။ ထိုငါးပါးတို့တွင်-

၁။ လည်ချောင်းအရပ်သည် ကဏ္ဍဌာန်မည်၏။

၂။ အာစောက်အရပ်သည် တာလုဌာန်မည်၏။

၃။ လျှာထိပ်အရပ်သည် မုဒ္ဓဌာန်မည်၏။

၄။ သွားအရပ်သည် ဒန္တဌာန်မည်၏။

၅။ နှုတ်ခမ်းအရပ်သည် ဩဋ္ဌဌာန်မည်၏။

---

## ၇ – ဌာန်ငါးပါးနှင့် အက္ခရာ

လေးဆယ့်တစ်လုံးသော အက္ခရာတို့တွင်-

၁။ အဝဏ် နှစ်လုံး၊ ကဝဂ် ငါးလုံး၊ ဟ အက္ခရာ၊ ဤရှစ်လုံးတို့သည် ကဏ္ဍဌာန်၌ ဖြစ်ကုန်၏။

mgyoe.com

mgyoe.com


၂။ ဣဝဏ် နှစ်လုံး၊ စဝဂ် ငါးလုံး၊ ယ အက္ခရာ၊ ဤရှစ်လုံးတို့သည် တာလုဌာန်၌ ဖြစ်ကုန်၏။

၃။ ဋဝဂ် ငါးလုံး၊ ရ အက္ခရာ၊ ဠကြီးအက္ခရာ၊ ဤခုနစ်လုံးသော အက္ခရာတို့သည် မုဒ္ဓဌာန်၌ ဖြစ်ကုန်၏။

၄။ တဝဂ် ငါးလုံး၊ လ အက္ခရာ၊ သ အက္ခရာ၊ ဤခုနစ်လုံးတို့သည် ဒန္တဌာန်၌ ဖြစ်ကုန်၏။

၅။ ဥဝဏ် နှစ်လုံး၊ ပဝဂ် ငါးလုံး၊ ဤခုနစ်လုံးတို့သည် ဩဋ္ဌဌာန် ၌ ဖြစ်ကုန်၏။

၁။ ဧ အက္ခရာသည် ကဏ္ဍဌာန်၊ တာလုဌာန် နှစ်ပါး၌ ဖြစ်၏။

၂။ ဩ အက္ခရာသည် ကဏ္ဍဌာန်၊ ဩဋ္ဌဌာန် နှစ်ပါး၌ ဖြစ်၏။

၃။ ဝ အက္ခရာသည် ဒန္တဌာန်၊ ဩဋ္ဌဌာန် နှစ်ပါး၌ ဖြစ်၏။

---

## ၈ – ဌာန်ခြောက်ပါးနှင့် အက္ခရာ

မောဂ္ဂလာန် ဆရာ့အလိုအားဖြင့် ဌာန်ခြောက်ပါးဟူသော်ကား ယခင် ငါးပါးတို့တွင် နာသိကဌာန်ကိုထည့်၍ ခြောက်ပါးဖြစ်သတည်း။

နှာခေါင်းအရပ်သည် နာသိကဌာန်မည်၏။ နိဂ္ဂဟိတ်သည် နာသိကဌာန်၌ ဖြစ်၏။

"င၊ ဉ၊ ဏ၊ န၊ မ" ဤ ငါးလုံးတို့သည် မိမိတို့ဌာန်၌လည်း ဖြစ်ကုန်၏။ နာသိကဌာန်၌လည်း ဖြစ်ကုန်၏။

---

mgyoe.com

mgyoe.com


## ၉ – ဌာန်ခုနစ်ပါးနှင့် အက္ခရာ

သဒ္ဒနီတိ ဆရာ့အလိုအားဖြင့် ဌာန်ခုနစ်ပါးဟူသော်ကား ယခင်ခြောက်ပါးတို့တွင် ဥရဋ္ဌာန်ကိုထည့်၍ ခုနစ်ပါးဖြစ်သတည်း။

ရင်အရပ်သည် ဥရဋ္ဌာန်မည်၏။ ပဉ္စမအက္ခရာ ငါးလုံး၊ ယ၊ လ၊ ဝ၊ ဠ ဤအက္ခရာ ကိုးလုံးတို့နှင့် ယှဉ်သော ဟ အက္ခရာသည် ဥရဋ္ဌာန်၌ ဖြစ်၏။ မယှဉ်သော ဟ အက္ခရာသည် ကဏ္ဌဋ္ဌာန်၌ ဖြစ်၏။

---

## ၁၀ – ဌာန်ရှစ်ပါးနှင့် အက္ခရာ

စူဠနိရုတ္တိ ဆရာ့အလိုအားဖြင့် ဌာန်ရှစ်ပါးဟူသော်ကား ယခင် ခုနစ်ပါးတို့တွင် ဇိဝှါမူလိယဋ္ဌာန်ကိုထည့်၍ ရှစ်ပါးဖြစ်သတည်း။

လျှာရင်းအရပ်သည် ဇိဝှါမူလိယ ဌာန်မည်၏။ အလုံးစုံသော အက္ခရာတို့သည် မိမိတို့၏ ဌာန်၌လည်း ဖြစ်ကုန်၏။ ဇိဝှါမူလိယဋ္ဌာန်၌လည်း ဖြစ်ကုန်၏။

---

## ၁၁ – ကရိဏ်း လေးပါးနှင့် အက္ခရာ

အက္ခရာတို့၏ ဖတ်ရွတ်ကြောင်းဟု ဆိုအပ်သော ကရိဏ်းတို့သည်–

၁။ ဇိဝှါမဇ္ဈ

၂။ ဇိဝှောပဂ္ဂ

၃။ ဇိဝှဂ္ဂ

၄။ သကဋ္ဌာန –

mgyoe.com

mgyoe.com


ဟူ၍ လေးပါးအပြားရှိကုန်၏။ ထိုလေးပါးတို့တွင် -

၁။ လျှာလယ်အရပ်သည် ဇိဝှါမဇ္ဈ မည်၏။

၂။ လျှာဖျား၏ အနီးအရပ်သည် ဇိဝှေါပဂ္ဂ မည်၏။

၃။ လျှာဖျားအရပ်သည် ဇိဝှဂ္ဂ မည်၏။

၄။ မိမိတို့၏ ဌာန်သည် သကဋ္ဌာန မည်၏။

ထိုလေးပါးတို့တွင် -

၁။ ဇိဝှါမဇ္ဈသည် တာလုဇ အက္ခရာ ရှစ်လုံးတို့၏ ကရိဏ်းမည်၏။

၂။ ဇိဝှေါပဂ္ဂသည် မုဒ္ဓဇ အက္ခရာ ခုနစ်လုံးတို့၏ ကရိဏ်းမည်၏။

၃။ ဇိဝှဂ္ဂသည် ဒန္တဇ အက္ခရာ ခုနစ်လုံးတို့၏ ကရိဏ်းမည်၏။

၄။ သကဋ္ဌာနသည် ကြွင်းသောအက္ခရာ တစ်ဆယ့်ကိုးလုံးတို့၏ ကရိဏ်းမည်၏။

---

## ၁၂ - ပယတနလေးပါးနှင့် အက္ခရာ

အက္ခရာတို့ကို ရွတ်ခြင်း၌ အားထုတ်ခြင်းဟု ဆိုအပ်သော ပယတနတို့သည် -

၁။ သံဝုတ

၂။ ဝိဝတ

၃။ ဖုဋ္ဌ

၄။ ဤသံဖုဋ္ဌ-

ဟူ၍ လေးပါးအပြားရှိကုန်၏။ ထိုလေးပါးတို့တွင် -

၁။ နှုတ်ခမ်းတို့ကို ပိတ်ခြင်းသည် သံဝုတ မည်၏။

၂။ နှုတ်ခမ်းတို့ကို ဖွင့်ခြင်းသည် ဝိဝတ မည်၏။

mgyoe.com

mgyoe.com


၃။ နှုတ်ခမ်းတို့ကို ထိခြင်းသည် ဖုဋ္ဌ မည်၏။
၄။ နှုတ်ခမ်းတို့၏ စဉ်းငယ်ထိခြင်းသည် ဤသံဖုဋ္ဌမည်၏။
ထို့ကြောင့် ကာရိကာ ကျမ်း၌ -

(၁၂၃) **ဝဏ္ဏုစ္စာရဏာဥဿာဟော၊**
**ပယတနံ မုဒီရိတံ။**
**သံဝုတံ ဝိဝဋ္ဋာဒိ၊**
**ဖုဋ္ဌံ ဤသံဖုဋ္ဌကံ။ ။**

ဟူ၍ မိန့်အပ်၏။ ။ **ဝဏ္ဏုစ္စာရဏာဥဿာဟော၊** အက္ခရာတို့ကို ရွတ်ခြင်း၌ အားထုတ်ခြင်းကို။ **ပယတနံ၊** ပယတ်ဟူ၍။ **ဥဒီရိတံ၊** မိန့်အပ်၏။ **သံဝုတံ၊** ပိတ်ခြင်း၄င်း။ **ဝိဝဋ္ဋာဒိ၊** ဖွင့်ခြင်း၄င်း။ ဖုဋ္ဌံ၊ ထိခြင်း၄င်း။ ဤသံဖုဋ္ဌကံ၊ စဉ်းငယ်ထိခြင်း၄င်း။ ဣတိ၊ ဤသို့။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိ၏။

ထိုလေးပါးတို့တွင် -
၁။ သံဝုတသည် အ သရ၏ ပယတန မည်၏။
၂။ ဝိဝဋသည် အာ အစရှိသော ခုနစ်လုံးသော သရ၊ သ အက္ခရာ၊ ဟ အက္ခရာ၊ ဤကိုးလုံးတို့၏ ပယတနမည်၏။
၃။ ဖုဋ္ဌသည် ဝဂ်အက္ခရာ ၂၅ လုံးတို့၏ ပယတန မည်၏။
၄။ ဤသံဖုဋ္ဌသည် ယ၊ ရ၊ လ၊ ဝ ဤလေးလုံးတို့၏ ပယတန မည်၏။

---

## ၁၃ – သရအကြောင်း

ထိုအက္ခရာ အပေါင်းတို့တွင်-
၁။ ကစ္စည်းဆရာ အလိုအားဖြင့် ရှစ်လုံး
၂။ မောဂ္ဂလာန်ဆရာ အလိုအားဖြင့် ဆယ်လုံး

mgyoe.com

mgyoe.com


၃။ မြန်မာဘာသာ အလိုအားဖြင့် တစ်ဆယ့်တစ်လုံး

၄။ သသ်ကရိုင်ဘာသာ အလိုအားဖြင့် တစ်ဆယ့်တစ်လုံးသော အက္ခရာတို့သည် -

"ပရံ အနိဿာယ သရန္တိ ဂစ္ဆန္တိ ပဝတ္တန္တီတိ သရာ"

ဟူသော ဝစနတ္ထကြောင့် သရမည်ကုန်၏။

ယေ အက္ခရာ၊ အကြင် အက္ခရာတို့သည်။ ပရံ၊ သူတစ်ပါးကို။ အနိဿာယ၊ မမှီမူ၍၊ သရန္တိ ဂစ္ဆန္တိ ပဝတ္တန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ သူတစ်ပါးကို မမှီမူ၍ ဖြစ်တတ်သော သတ္တိကြောင့်။ တေ အက္ခရာ၊ ထိုအက္ခရာတို့သည်။ သရာ၊ သရမည်ကုန်၏။

---

## ၁၄ - သရရှစ်လုံး

ကစ္စည်းဆရာ အလိုအားဖြင့် သရရှစ်လုံးဟူသော်ကား -

"အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ"

ဤရှစ်လုံးတို့တည်း။ ထို့ကြောင့် ကစ္စည်းကျမ်း၌-

(၃) တတ္ထောဒန္တာ သရာ အဋ္ဌ။

ဟူ၍ သုတ်တည်အပ်၏။ တတ္ထ၊ ထိုလေးဆယ့်တစ်လုံးသော အက္ခရာတို့တွင်။ အဋ္ဌ၊ ရှစ်လုံးအတိုင်း အရှည်ရှိကုန်သော။ ဩဒန္တာ၊ ဩ လျှင်အဆုံးရှိကုန်သော အက္ခရာတို့သည်။ သရာ၊ သရမည်ကုန်၏။

---

## ၁၅ - သရဆယ်လုံး

မောဂ္ဂလာန်ဆရာ အလိုအားဖြင့် သရဆယ်လုံးဟူသော်ကား ယခင်ရှစ်လုံးတို့တွင် "ဧ၊ ဩ"သည်နှစ်လုံးကိုထည့်၍ ဆယ်လုံးဖြစ်သတည်း။ ထို့ကြောင့် မောဂ္ဂလာန်ကျမ်း၌ -

(၂) ဒသာဒေါ သရာ။

mgyoe.com

mgyoe.com


ဟူ၍ သုတ်တည်အပ်၏။ အာဒေါ၊ အစ၌။ ဒသ၊ ဆယ်လုံးသော ဝဏ္ဏတို့သည်။ သရာ၊ သရမည်ကုန်၏။

---

## ၁၆ – သရတစ်ဆယ့်တစ်လုံး

မြန်မာဘာသာ အလိုအားဖြင့် သရတစ်ဆယ့်တစ်လုံးဟူသော်ကား ယခင်ရှစ်လုံးတို့တွင် "အဲ၊ ဪ၊ အို" ဤသုံးလုံးကိုထည့်၍ သရတစ်ဆယ့်တစ်လုံး ဖြစ်သတည်း။ ထို့ကြောင့် -

"အိုဒန္တေကာဒသ သရာ"

ဟူ၍ သုတ်တည်အပ်၏။ ဧကာဒသ၊ တစ်ဆယ့်တစ်လုံးကုန်သော။ အိုဒန္တာ၊ အို အဆုံးရှိကုန်သော အက္ခရာတို့သည်။ သရာ၊ သရမည်ကုန်၏။

---

## ၁၇ – သရတစ်ဆယ့်လေးလုံး

သသ်ကရိုင်ဘာသာ အလိုအားဖြင့် သရတစ်ဆယ့်လေးလုံးဟူသော်ကား ယခင် သရရှစ်လုံးတို့တွင် -

"ဣ၊ ဣံ၊ ဥ၊ ဥူ၊ ဧ၊ ဪ"

သည် ခြောက်လုံးကိုထည့်၍ သရတစ်ဆယ့်လေးလုံး ဖြစ်သတည်း။ ထို့ကြောင့် ကလာပ်ကျမ်း၌ -

"တကြစတုဒ္ဒိဂါဒေါ်သွရား"

ဟူ၍ သုတ်တည်အပ်၏။ တတြ၊ ထိုဝဏ္ဏငါးဆယ့်တစ်လုံးတို့တွင်။ အာဒေါ၊ အစ၌၊ စတုဒ္ဒိဂါ ၊ တစ်ဆယ့်လေးလုံးသော ဝဏ္ဏတို့သည်။ သွရား၊ သွရ မည်ကုန်၏။

---

mgyoe.com

mgyoe.com


## ၁၈ – ရဿသရအကြောင်း

ထိုသရ အပေါင်းတို့တွင် –

ကစ္စည်းဆရာ အလိုအားဖြင့်လည်းကောင်း၊ မြန်မာဘာသာ အလိုအားဖြင့်လည်းကောင်း "အ၊ ဣ၊ ဥ" ဟူ၍ သုံးလုံး။

မောဂ္ဂလာန်ဆရာ အလိုအားဖြင့် "အ၊ ဣ၊ ဥ၊ ဇော်၊ ဩတ်" ဟူ၍ ငါးလုံး။

သသ်ကရိုဋ်ဘာသာ အလိုအားဖြင့် "အ၊ ဣ၊ ဥ၊ ၡ၊ ဠ" ဟူ၍ ငါးလုံးအရေအတွက်ရှိသော သရတို့သည် –

"ရဿကာလေ နိယုတ္တာတိ ရဿာ"

ဟူသော ဝစနတ္ထကြောင့် ရဿမည်ကုန်၏။ ။ ယေ သရာ၊ အကြင်သရတို့သည်။ ရဿကာလေ၊ တိုသောကာလ၌။ နိယုတ္တာ၊ ယှဉ်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တေ သရာ၊ ထိုသရ တို့သည်။ ရဿာ၊ ရဿမည်ကုန်၏။

ထိုရဿသရတို့သည် တစ်မတြာကာလ ရှိကုန်၏။ ဗျည်းနှင့် ယှဉ်သောအခါ တစ်မတြာခွဲကာလ ရှိကုန်၏။ ထိုတစ်မတြာကာလ၏ အပိုင်းအခြားကိုလည်း ကာရိကာကျမ်း၌ –

(၈၆) **ပမာဏံ ဧကမတ္တဿ၊**

**နိမ္မိသုမ္မိသတော ဖြဝုံ။**

ဟူ၍ မိန့်အပ်၏။ ။ ဧကမတ္တဿ၊ တစ်မတြာ၏။ ပမာဏံ၊ အတိုင်းအရှည်ကို။ နိမ္မိသုမ္မိသတော၊ မျက်စိတစ်မှိတ် တစ်ဖွင့်အားဖြင့်။ အဖြဝုံ၊ ဆိုကုန်၏။

mgyoe.com

mgyoe.com



## ၁၉ – ဒီဃသရအကြောင်း

ကစ္စည်းဆရာ အလို၊ မောဂ္ဂလာန်ဆရာ အလိုအားဖြင့် ''အာ၊ ဤ၊ ဦ၊ ဧ၊ ဩ'' ဟူ၍ ငါးလုံး။

မြန်မာဘာသာ အလိုအားဖြင့် ''အဲ၊ သြော်၊ အို'' သည်သုံးလုံးကိုထည့်၍ ရှစ်လုံး။

သင်္သကရိုင်ဘာသာ အလိုအားဖြင့် ''ဣ၊ ဦ၊ အဲ၊ သြော်'' သည် လေးလုံးကိုထည့်၍ ကိုးလုံးအရေအတွက်ရှိသော သရတို့သည်–

''ဒီဃကာလေ နိယုတ္တာတိ ဒီဃာ''

ဟူသော ဝစနတ္ထကြောင့် ဒီဃမည်ကုန်၏။ ။ ယေ သရာ၊ အကြင်သရတို့သည်။ ဒီဃကာလေ၊ ရှည်သောကာလ၌။ နိယုတ္တာ၊ ယှဉ်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တေ သရာ၊ ထိုသရတို့သည်။ ဒီဃာ၊ ဒီဃမည်ကုန်၏။

ထိုဒီဃတို့သည် နှစ်မတြာကာလ ရှိကုန်၏။ တစ်နည်းကား နွားနို့တစ်ညှစ်ကာလ ရှိကုန်၏။ ထို့ကြောင့် ကာရိကာကျမ်း၌–

(၉၀) ဒွိဂုဏေနေကမတ္တဿ၊
ဒီဃာ ဂေါဒုဟနေန ဝါ။

ဟူ၍ မိန့်အပ်၏။ ။ ဧကမတ္တဿ၊ တမတြာ၏။ ဒွိဂုဏေန၊ နှစ်ဆတက်အားဖြင့်။ ဒီဃာ၊ ဒီဃမည်ကုန်၏။ ဝါ၊ တစ်နည်းကား။ ဂေါဒုဟနေန၊ နွားနို့တစ်ညှစ်အားဖြင့်။ ဒီဃာ၊ ဒီဃမည်ကုန်၏။ ထိုဒီဃတို့သည် ဗျည်းနှင့် ယှဉ်သောအခါ နှစ်မတြာခွဲကာလ ရှိကုန်၏။

---

mgyoe.com

mgyoe.com



## ၂၀ – ဗျည်းသုံးဆယ့်သုံးလုံးအကြောင်း

က အစ အံ အဆုံးရှိသော ဆုံးဆယ့်သုံးလုံးသော အက္ခရာတို့သည်–

“ဗျဉ္ဇိယတိ အတ္ထော ဧတေဟီတိ ဗျဉ္ဇနာ”

ဟူသော ဝစနတ္ထကြောင့် ဗျည်းမည်ကုန်၏။ ။ဧတေဟိ အက္ခရေဟိ၊ ထိုအက္ခရာတို့ဖြင့်။ အတ္ထော၊ အနက်ကို။ ဗျဉ္ဇိယတိ၊ ပြအပ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တေ အက္ခရာ၊ ထိုအက္ခရာတို့သည်။ ဗျဉ္ဇနာ၊ ဗျည်းမည်ကုန်၏။

ထိုဗျည်း ၃၃လုံးဟူသော်ကား –

က၊ ခ၊ ဂ၊ ဃ၊ င။

စ၊ ဆ၊ ဇ၊ ဈ၊ ဉ။

ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ။

တ၊ ထ၊ ဒ၊ ဓ၊ န။

ပ၊ ဖ၊ ဗ၊ ဘ၊ မ။

ယ၊ ရ၊ လ၊ ဝ၊ သ၊ ဟ၊ ဠ၊ အံ။

ဤ ၃၃လုံးတို့တည်း။

[သသ်ကရိုင်မှု ဘာသာအားဖြင့် ဠကြီးနှင့် အံကို ပယ်၏။ ၈၊ ဖ၊ သည်နှစ်လုံးကို ထည့်၍ ၃၃ လုံးဖြစ်သတည်း။]

---

## ၂၁ – ဗျည်းတို့၏ မတြာကာလအကြောင်း

ထိုဗျည်းတို့သည်–

၁။ သက်သက်အားဖြင့် မတြာခွဲကာလရှိကုန်၏။

၂။ ရဿ သရနှင့် ယှဉ်သောအခါ ရဿကလည်း တစ်မတြာ ရှိသည်ဖြစ်၍ တစ်မတြာခွဲ ကာလရှိကုန်၏။

mgyoe.com

mgyoe.com



၃။ ဒီဃသရနှင့် ယှဉ်သောအခါ ဒီဃကလည်း နှစ်မတြာကာလ ရှိသည်ဖြစ်၍ နှစ်မတြာခွဲကာလ ရှိကုန်၏။ ထို့ကြောင့် ဝစနတ္ထဇောတိကာကျမ်း၌-

၃။ *ဧကမတ္တာ ဘဝေရဿာ၊
ဒွိမတ္တာ ဒီဃ ဝုစ္စတေ။
တိမတ္တာ တု ပ္လုတာ ဉေယျာ၊
ဗျဉ္ဇနာ အမုမတ္တိကာ။ ။

ဟူ၍ မိန့်အပ်။ အနက်ကား။ ရဿာ၊ ရဿတို့သည်။ ဧကမတ္တာ၊ တစ်မတြာကာလ ရှိကုန်သည်။ ဘဝေ ဘဝေယျုံ၊ ဖြစ်ကုန်ရာ၏။ ဒီဃာ၊ ဒီဃတို့ကို။ ဒွိမတ္တာ၊ နှစ်မတြာကာလ ရှိကုန်၏ဟူ၍။ ဝုစ္စတေ ဝုစ္စန္တေ၊ ဆိုအပ်ကုန်၏။ တိမတ္တာတု၊ သုံးမတြာ ရှိကုန်မှုကား။ ပ္လုတာ၊ သီချင်းသံဟူ၍။ ဉေယျာ၊ သိအပ်ကုန်၏။ ဗျဉ္ဇနာ၊ ဗျည်းတို့သည်။ အမုမတ္တိကာ၊ မတြာခွဲကာလ ရှိကုန်၏။

---

## ၂၂ – ဝဂ်အက္ခရာ ၂၅ လုံး

ထိုဗျည်း ၃၃ လုံးတို့တွင် က အစ မ အဆုံးရှိသော ၂၅ လုံး သော ဗျည်းတို့သည်-

"ဂုမ္ဘဂုမ္ဘကတ္တာ ဝဂ္ဂိယန္တေ ဥစ္စာရိယန္တေတိ ဝဂ္ဂါ"

---

* ဧကမတ္တော ဘဝေ ရဿော၊
ဒွိမတ္တော ဒီဃမုစ္စတေ။
တိမတ္တောတုပ္လုတော ဉေယျာ၊
ဗျဉ္ဇနော အမုမတ္တိကော။
ဟု ဋီကာစာမူ ရှိ၏။

mgyoe.com

mgyoe.com



ဟူသော ဝစနတ္ထကြောင့် ဝဂ်မည်ကုန်၏။ ။ ယေ ဗျဉ္ဇနာ၊ အကြင်ဗျည်းတို့ကို။ ဂုမ္ဗံဂုမ္ဗံ၊ အစုအစု။ ကတွာ၊ ပြု၍။ ဝဂ္ဂိယန္တေ ဥစ္စာရိယန္တေ၊ ရွတ်အပ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တေ ဗျဉ္ဇနာ၊ ထိုဗျည်းတို့သည်။ ဝဂ္ဂါ၊ ဝဂ်မည်ကုန်၏။

ထိုဝဂ် ၂၅ လုံးတို့တွင်-

၁။ က၊ ခ၊ ဂ၊ ဃ၊ င၊
သည်ငါးလုံးသည် ကဝဂ် မည်၏။

၂။ စ၊ ဆ၊ ဇ၊ ဈ၊ ဉ၊
သည်ငါးလုံးသည် စဝဂ်မည်၏။

၃။ ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ၊
သည်ငါးလုံးသည် ဋဝဂ် မည်၏။

၄။ တ၊ ထ၊ ဒ၊ ဓ၊ န၊
သည်ငါးလုံးသည် တဝဂ်မည်၏။

၅။ ပ၊ ဖ၊ ဗ၊ ဘ၊ မ၊
သည်ငါးလုံးသည် ပဝဂ်မည်၏။

ကဝဂ် ငါးလုံးတို့တွင်

၁။ က သည် ပဌမ အက္ခရာ မည်၏။

၂။ ခ သည် ဒုတိယ အက္ခရာ မည်၏။

၃။ ဂ သည် တတိယ အက္ခရာ မည်၏။

၄။ ဃ သည် စတုတ္ထ အက္ခရာ မည်၏။

၅။ င သည် ပဉ္စမ အက္ခရာမည်၏။

စဝဂ်အစရှိသည်တို့၌လည်း ဤနည်းတူ ယူအပ်၏။

"င၊ ဉ၊ ဏ၊ န၊ မ" ဤ ငါးလုံးတို့သည် မိမိတို့ ဝဂ်တွင် အဆုံးဖြစ်၍ ဝဂ္ဂန္တ အက္ခရာမည်ကုန်၏။

mgyoe.com

mgyoe.com


ယ အစရှိသော ရှစ်လုံးသော အက္ခရာတို့သည် အဝုတ္တသိဒ္ဓိ နည်းအားဖြင့် အဝင်မည်ကုန်၏။

---

## ၂၃ – နိဂ္ဂဟိတ်အကြောင်း

အံသည် ကစ္စည်းဆရာ အလိုအားဖြင့် နိဂ္ဂဟိတ်မည်၏။ ထို့ကြောင့် ကစ္စည်းကျမ်း၌–

“အံ ဣတိ နိဂ္ဂဟီတံ”

ဟူ၍ သုတ်တည်အပ်၏။ ။ အံ ဣတိ၊ အံ ဟူ၍။ ယံ ဗိန္ဒု၊ အကြင်ဗိန္ဒုကို။ ဝုတ္တံ၊ ဆိုအပ်၏။ တံ ဗိန္ဒု၊ ထိုဗိန္ဒုသည်။ နိဂ္ဂဟီတံ၊ နိဂ္ဂဟိတ်မည်၏။

သသ်ကရိဋ္ဌဘာသာအားဖြင့် အံသည် အနုသွရမည်၏။ ထို့ကြောင့် ကလာပ်ကျမ်း၌–

“အံဣတျ နုသွရး”

ဟူ၍ သုတ်တည်အပ်၏။ ။ အံ ဣတိ၊ အံ ဟူသော ဗိန္ဒုသည်။ အနုသွရး၊ အနုသွရမည်၏။

---

## ၂၄ – ဝိသဇ္ဇနီနှင့် ပဋိသေဓနိယ

အး သည် ဝိသဇ္ဇနီမည်၏။ ထို့ကြောင့် ကလာပ်ကျမ်း၌–

“အးဣတိ ဝိသဇ္ဇနီယး”

ဟူ၍ သုတ်တည်အပ်၏။ ။ အးဣတိ၊ အး ဟူသော ဝဏ္ဏသည်။ ဝိသဇ္ဇနီယး၊ ဝိသဇ္ဇနီမည်၏။

အံ့ သည် ပဋိသေဓနိယမည်၏။ ထို့ကြောင့်–

“အံ့ ဣတိ ပဋိသေဓနိယး”

mgyoe.com

mgyoe.com



ဟူ၍ မြန်မာဝေါဟာရ အားလျော်စွာ သုတ်တည်အပ်၏။ အံ့ ဣတိ၊ အံ့ ဟူသော ဝဏ္ဏသည်။ ပဋိသေဓနိယး၊ ပဋိသေဓနိယ မည်၏။

---

## ၂၅ – ဖိဝှါမူလိယနှင့် ဥပသမာနိယ

ကံ သည် ဖိဝှါမူလိယ မည်၏။ ထို့ကြောင့် ကလာပ်ကျမ်း၌–

"ကံဣတိ ဖိဝှါမူလိယး"

ဟူ၍ သုတ်တည်အပ်၏။။ ကံဣတိ၊ ကံ ဟူသော ဝဏ္ဏသည်။ ဖိဝှါ မူလိယး၊ ဖိဝှါမူလိယမည်၏။

ကွ သည် ဥပသမာနိယမည်၏။ ထို့ကြောင့် ကလာပ်ကျမ်း၌–

"ကွဣတိ ဥပသမာနိယး"

ဟူ၍ သုတ်တည်အပ်။ ။ ကွဣတိ၊ ကွ ဟူသော ဝဏ္ဏသည်။ ဥပသမာနိယး၊ ဥပသမာနိယ မည်၏။

---

## ၂၆ – ဃောသ အဃောသ အက္ခရာ

ပထမအက္ခရာ ငါးလုံး။

ဒုတိယအက္ခရာ ငါးလုံး။

ဂ၊ ဗ၊ သ၊

ဤ ၁၃ လုံးတို့သည် အဃောသ မည်ကုန်၏။ ထို့ကြောင့် ကလာပ်ကျမ်း၌–

"ပြဗ္ဗမဒ္ဒိုုတိယာ ဂဗသာ အဃောဝါ"

ဟူ၍ သုတ်တည်အပ်၏။ ။ ပြဗ္ဗမဒ္ဒိုုတိယာ၊ ပထမအက္ခရာ ငါးလုံး၊ ဒုတိယအက္ခရာ ငါးလုံးတို့သည်လည်းကောင်း။ ဂဂသာ၊

mgyoe.com

mgyoe.com


ဂအက္ခရာ၊ ဗအက္ခရာ၊ သအက္ခရာတို့သည် လည်းကောင်း။ အဃော ပါ၊ အဃောသ မည်ကုန်၏။

ဆိုအပ်ခဲ့ပြီးသော ဤ ၁၃ လုံးမှ ကြွင်းကုန်သော
တတိယ အက္ခရာ ငါးလုံး
စတုတ္ထ အက္ခရာ ငါးလုံး
ပဉ္စမ အက္ခရာ ငါးလုံး
ယ၊ ရ၊ လ၊ ဝ၊ ဟ၊ ဠ၊

ဤ ၂၁ လုံးသော အက္ခရာတို့သည် ဃောသ မည်ကုန်၏။ ထို့ကြောင့် ကလာပ်ကျမ်း၌ -

"ဃောဝဝန္တော အဃေ"

ဟူ၍ သုတ်တည်အပ်၏။ ။ အဃေ၊ ဆိုအပ်ခဲ့ပြီးသော အက္ခရာ ၁၃ လုံးမှ တစ်ပါးကုန်သော အက္ခရာတို့သည်။ ဃောဝ ဝန္တော၊ ဃောသဝန္တအက္ခရာ မည်ကုန်၏။

---

## ၂၇ – ဗျဉ္ဇနဗုဒ္ဓိဆယ်ပါးအကြောင်း

၁-၂။ ဒီဃသည် ဂရုမည်၏။ ထို့ကြောင့် သဒ္ဒနီတိ၌-

(၁၈) ဒီဃော ဂရု။

ဟူ၍ သုတ်တည်အပ်၏။ ။ ဒီဃော၊ ဒီဃသည်။ ဂရု၊ ဂရု မည်၏။

သံယုဂ်အနှောင်းရှိသော ရဿသည်လည်း ဂရုမည်၏။ ပြယုဂ်ကား - ဝတ္တာ၊ ဂန္တာအစရှိသည်တည်း။ ထို့ကြောင့် သဒ္ဒနီတိကျမ်း၌-

(၁၉) သံယောဂပုဗ္ဗရဿော စ။

mgyoe.com

mgyoe.com


ဟူ၍ သုတ်တည်အပ်၏။ ။ သံယောဂပွရောစ၊ သံယုဂ် အနှောင်းရှိသော ရဿသည်လည်း။ ဂရု၊ ဂရုမည်၏။

နိဂ္ဂဟိတ်နောက်ရှိသော ရဿသည်လည်း ဂရုမည်၏။ ပြယုဂ် ကား ယံ၊ တံ အစရှိသည်တည်း။ ထို့ကြောင့် ဝုတ္တောဒယဆန်းကျမ်း၌-

(၇) နိဂ္ဂဟီတပွရာ စ ယော။

ဟူ၍ မိန့်အပ်၏။ ။ နိဂ္ဂဟီတပွရော၊ နိဂ္ဂဟိတ် နောက်ရှိသော။ ယော ရဿောစ၊ အကြင်ရဿသည်လည်း။ အတ္ထိ၊ ရှိ၏။ သော ရဿောစ၊ ထိုရဿသည်လည်း။ ဂရု၊ ဂရုမည်၏။

၃-၄။ ရဿသည် လဟု မည်၏။ ထို့ကြောင့် သဒ္ဒနိတိ၌-

(၂၁) ရဿော လဟု။

ဟူ၍ သုတ်တည်အပ်၏။ ။ ရဿော၊ ရဿသည်။ လဟု၊ လဟုမည်၏။

၅။ ဝဂ် ငါးခုတို့၌ ပထမအက္ခရာ ငါးလုံး၊ တတိယအက္ခရာ ငါးလုံး၊ သည်ဆယ်လုံးတို့သည် သိထိလမည်ကုန်၏။ သရုပ်ကား-

"က၊ ဂ၊ စ၊ ဇ၊ ဋ၊ ဍ၊ တ၊ ဒ၊ ပ၊ ဗ"

ဟူသည်တို့တည်း။ ထို့ကြောင့် သဒ္ဒနီတိ၌-

(၂၃) *ပဥ္စသု ပထမတတိယံ သိထိလံ။

ဟူ၍ သုတ်တည်အပ်၏။ ။ ပဉ္စသု၊ ဝဂ် ငါးခုတို့၌။ ပထမတတိယံ၊ ပထမအက္ခရာ ငါလုံး၊ တတိယအက္ခရာ ငါလုံးသည်။ သိထိလံ၊ သိထိလမည်၏။

၆။ ဒုတိယအက္ခရာ ငါလုံး၊ စတုတ္ထအက္ခရာ ငါးလုံးသည် ဓနိတမည်၏။ သရုပ်ကား -

---

* ဝဂ္ဂေသုဟု - သဒ္ဒနိတိ၌ရှိ၏။

mgyoe.com

mgyoe.com



“ခ၊ ဃ၊ ဆ၊ ဈ၊ ဌ၊ ဎ၊ ထ၊ ဓ၊ ဖ၊ ဘ”

ဟူသည်တည်း။ ထို့ကြောင့် သဒ္ဒနီတိ၌-

“ဒုတိယစတုတ္ထံ ဓနိတံ”

ဟူ၍ သုတ်တည်အပ်၏။ ။ ဒုတိယစတုတ္ထံ၊ ဒုတိယအက္ခရာ ငါးလုံး၊ စတုတ္ထအက္ခရာ ငါးလုံးသည်။ ဓနိတံ၊ ဓနိတမည်၏။

၇။ နောက်ပုဒ်နှင့် စပ်၍ ရွတ်အပ်သော အက္ခရာသည် သမ္ဗန္ဓ မည်၏။ ပြယုဂ်ကား အနာထပိဏ္ဍိက သဃရာမေ၊ အစရှိသည်တည်း။ ထို့ကြောင့် သဒ္ဒနီတိ၌-

(၂၈)ပရပဒေနသမ္ဗန္ဓိတွာ ဝုတ္တံ သမ္ဗန္ဓံ။

ဟူ၍ မိန့်အပ်၏။ ။ ပရပဒေန၊ နောက်ပုဒ်နှင့်။ သမ္ဗန္ဓိတွာ၊ စပ်၍။ ဝုတ္တံ၊ ဆိုအပ်သော အက္ခရာသည်။ သမ္ဗန္ဓံ၊ သမ္ဗန္ဓမည်၏။

၈။ ပုဒ်ကို ဖြတ်၍ ရွတ်အပ်သော အက္ခရာသည် ဝဝတ္ထိတ မည်၏။ ပြယုဂ်ကား အနာထပဏ္ဍိကသဃအာရာမေ၊ စသည်တို့တည်း။ ထို့ကြောင့် သဒ္ဒနီတိ၌-

(၂၉)ပဒစ္ဆေဒံ ကတွာ ဝုတ္တံဝ ဝတ္ထိတံ။

ဟူ၍ မိန့်အပ်၏။ ။ ပဒစ္ဆေဒံ၊ ပုဒ်ဖြတ်ခြင်းကို။ ကတွာ၊ ပြု၍။ ဝုတ္တံ၊ ဆိုအပ်သော အက္ခရာသည်။ ဝ ဝတ္ထိတံ၊ ဝ ဝ တ္ထိတ မည်၏။

၉။ ကရိဏ်းကို နှိပ်သဖြင့် ခံတွင်းကိုပိတ်၍ ရွတ်အပ်သော အက္ခရာသည် နိဂ္ဂဟိတ်မည်၏။ ပြယုဂ်ကား “ယျံတံ” အစရှိသည်တည်း။ ထို့ကြောင့် ရူပသိဒ္ဓိ၌-

“ကရဏံ နိဂ္ဂဟိတွာန၊ မုခေနာ ဝိဝဋ္ဋေနယံ”

ဝုစ္စတေ နိဂ္ဂဟီတန္တိ၊ ဝုတ္တံ ဗိန္ဒု သရာနုဂံ။

ဟူ၍ မိန့်အပ်၏။ ။ သရာနုဂံ၊ သရသို့ အစဉ်လိုက်တတ်သော။ ယံ ဗိန္ဒု၊ အကြင် ဗိန္ဒုကို။ ကရဏံ၊ ကရိဏ်းကို။ နိဂ္ဂဟိတွာန၊

mgyoe.com

mgyoe.com


နှိပ်၍။ အဝိဝဋ္ဋေန၊ မဖွင့်သော။ မုခေန၊ ခံတွင်းဖြင့်။ ဝုစ္စတေ၊ ရွတ်အပ်၏။ တံ ဗိန္ဒု၊ ထိုဗိန္ဒုကို။ နိဂ္ဂဟီတန္တိ၊ နိဂ္ဂဟိတ်ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။

၁၀။ ကရိုဏ်းကို မနှိပ်ဘဲ ခံတွင်းကိုဖွင့်၍ ရွတ်အပ်သော အက္ခရာသည် ဝိမုတ်မည်၏။ ပြယုဂ်ကား "ယာ၊ သာ" အစရှိသည် တည်း။ ထို့ကြောင့် သဒ္ဒနီတိ၌-

"ကရဏာနိ အနိဂ္ဂဟိတွာ ဝိဝဋ္ဋေန မုခေန ဝတ္တဗ္ဗံ ဝိမုတ္တံ"

ဟူ၍ မိန့်အပ်၏။ ။ ကရဏာနိ၊ ကရိုဏ်းတို့ကို။ အနိဂ္ဂဟိတွာ၊ မနှိပ်မူ၍။ ဝိဝဋ္ဋေန၊ ဖွင့်သော။ မုခေန၊ ခံတွင်းဖြင့်။ ဝတ္တဗ္ဗံ၊ ဆိုအပ်သော အက္ခရာသည်။ ဝိမုတ္တံ၊ ဝိမုတ်မည်၏။

ဤသို့လျှင် "ဒီဃ၊ ရဿ၊ ဂရု၊ လဟု၊ သိထိလ၊ ဓနိတ၊ သမ္ဗန္ဓ၊ ဝ ဝတ္ထိတ၊ နိဂ္ဂဟိတ်၊ ဝိမုတ်"အားဖြင့် ဗျဉ္ဇနဗုဒ္ဓိ ဆယ်ပါးဖြစ် သတည်း။ သည်ကိုရည်၍-

(၂၄၄) ပုဒ်စပ်ချောပြေ၊ သန္ဓေခြားဖြတ်၊
သံလွတ်ဖွင့်ဆို၊ ရှည် တို လေး ပေါ့၊
တင်း လျော့ နိဂ္ဂဟိတ်၊ အစိတ်အဖြာ၊
အင်္ဂါဆယ်ခု၊ ဖတ်မှုမကျွမ်း၊
နားမချမ်းတည်း။

ဟူ၍ ဟတ္ထိပါလပျို့၌ စပ်သည်။ လှိုင်းတံပိုးသံဖတ်နည်း၊ ခဝါဖွပ်သံ ဖတ်နည်း အစရှိသော ဖတ်နည်း ၃၂ ပါး ရှိကြားသော်လည်း ဗျဉ္ဇနဗုဒ္ဓိ ဆယ်ပါးနှင့် ပြည့်စုံစွာ ဌာန်၊ ကရိုဏ်း၊ ပယတနအရာကျ အောင် ဖတ်ရွတ်နိုင်လျှင် ဘုရားအစရှိသော သူတော်ကောင်းတို့ ချီးမွမ်းရာဖြစ်တော့သည်။

mgyoe.com

mgyoe.com


## ၂၈ – အဝဏ်၊ ဣဝဏ်၊ ဥဝဏ်၊ သဝဏ်၊ အသဝဏ်၊ သရူပ၊ အသရူပတို့အကြောင်း

၁။ အ နှင့် အာ သည် အ ဝဏ်မည်၏။

၂။ ဣ နှင့် ဤ သည် ဣ ဝဏ်မည်၏။

၃။ ဥ နှင့် ဦ သည် ဥ ဝဏ်မည်၏။

ထို့ကြောင့် သဒ္ဒနီတိကျမ်း၌–

"အ အာ အဝဏ္ဏော၊ ဣ – ဤ ဣဝဏ္ဏော၊ ဥ–ဦ ဥဝဏ္ဏော"

ဟူ၍ မိန့်အပ်၏။ ။ အ–အာ၊ အ နှင့် အာ သည်။ အဝဏ္ဏော၊ အဝဏ်မည်၏။ ဣဤ၊ ဣ နှင့် ဤ သည်။ ဣဝဏ္ဏော၊ ဣဝဏ်မည်၏။ ဥ ဦ၊ ဥ နှင့် ဦ သည်။ ဥဝဏ္ဏော၊ ဥဝဏ်မည်၏။

ထိုအဝဏ်၊ ဣဝဏ်၊ ဥဝဏ် အစုံသုံးခု ခြောက်လုံးသော ဝဏ္ဏတို့သည်ပင် သဝဏ္ဏမည်ကုန်၏။ ဧ နှင့် ဩ သည် အသဝဏ္ဏ မည်၏။ ထို့ကြောင့် သဒ္ဒနီတိကျမ်း၌–

(၁၂) တေ ဓဝ ယုဂဠာ သဝဏ္ဏာ။ ဧကာရောကာရာ အသဝဏ္ဏာ။

ဟူ၍ မိန့်အပ်၏။ ။ တေဓဝယုဂဠာ၊ ထိုအဝဏ်၊ ဣဝဏ်၊ ဥဝဏ် အစုံသုံးခုကုန်သော ခြောက်လုံးသော ဝဏ္ဏတို့သည်ပင်လျှင်။ သဝဏ္ဏာ၊ သဝဏ် မည်ကုန်၏။ ဧကာရောကာရာ၊ ဧ အက္ခရာ ဩ အက္ခရာတို့သည်။ အသဝဏ္ဏာ၊ အသဝဏ်မည်ကုန်၏။

၁။ သဝဏ္ဏခြောက်လုံးသည် သရူပမည်၏။

၂။ အဝဏ် အစရှိသော ခြောက်လုံးသော အက္ခရာတို့မှ ကြွင်းသော ဧ အက္ခရာ၊ ဩ အက္ခရာ နှစ်လုံးသည် အသရူပ မည်၏။

mgyoe.com